ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
mod@nugmyanmar.org

# ယင်းမာပင်လူသတ်မှုကိစ္စ အရေးယူဆောင်ရွက်မှု အစီရင်ခံစာ

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆုတ် ၃ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

## ၁။ ဖြစ်စဉ်အကျဉ်း

(က) ၂၆-၁၁-၂၀၂၁ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ် လက်လှုပ်ကျေးရွာနှင့် ပြောင်းပြာကျေးရွာကြား၌ ညာခြေထောက် ထိခိုက်ဒါဏ်ရာကြောင့် ဆေးခန်းပြရန်ရှိသည့် လာပို့ရွာသား မီးသတ်ရဲဘော် (၁)ဦး ၊ အဖော်လိုက်ပါသူ(၁)ဦး နှင့် ၎င်းတို့ကို လာရောက်ခေါ်ဆောင်သော ယင်းမာပင် မီးသတ်ရဲဘော် (၂)ဦး အပါအဝင် စုစုပေါင်း (၄)ဦးအား ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုက်ကောင်း(ခ) ဗိုလ်ဘုန်းထက် အဖွဲ့က ဖမ်းဆီးစစ်ဆေးခဲ့သည်။

( ခ) စစ်ဆေးစဉ် CDM ပြုလုပ်မထားခြင်း၊ လမ်းတလျှောက် ဓာတ်ပုံမှတ်တမ်း တင်ထားခြင်းတို့ကြောင့် ဖမ်းဆီးခဲ့ပြီး ၎င်းတို့၏ အထက်ခေါင်းဆောင်ဖြစ်သော သပြေအေးဆရာတော် (ခ) ဗိုလ်သံမဏိထံ သတင်းပေးပို့ရာ ဗိုလ်သံမဏိက ၎င်းတို့ကို ကပိုင်အချုပ်ခန်းတွင် ထိန်းသိမ်းထားရန် ညွှန်ကြားခဲ့သည်။

( ဂ) ဖမ်းဆီးခံထားရသူများ လွတ်မြောက်ရေးအတွက် အာမခံပေးရန် လာပို့ရွာ Hero Tiger အဖွဲ့မှ ဗိုလ်ထိုက်မောင်နှင့် ရဲဘော်(၅)ဦးသည် ထို့နေ့ နေ့လယ် (၁၂:၀၀) နာရီအချိန်တွင် ကပိုင်ရွာသို့ လိုက်ပါသွားရာ နေ့လယ် (၂:၀၀) နာရီခန့်တွင် နောက်ဆုံး ဖုန်းအဆက်အသွယ်ရပြီး အဖမ်းခံရသူများနှင့် အာမခံပေးရန်လိုက်ပါသွားသူများအားလုံး ပျောက်ဆုံးခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ နစ်နာသူမိသားစုဝင်များက ကာကွယ်ရေးဝန်ကြီးဌာနသို့ ၁၁-၁၂-၂၀၂၁ ရက်စွဲ ဖြင့် လိပ်မူတိုင်ကြားခဲ့သည်။

## ၂။ ယင်းမာပင်ဒေသ၏တော်လှန်ရေးနောက်ခံ

(က) ယင်းမာပင်ခရိုင်သည် ပြည်သူ့ခုခံတွန်းလှန်စစ်ကို (၂.၄.၂၀၂၁) ရက်နေ့မှစတင်၍ ဆင်နွှဲလာခဲ့သောဒေသဖြစ်သည်။ ငြိမ်းချမ်းစွာဆန္ဒပြမှုများ ချေမှုန်းခံရပြီးနောက် ညီညွတ်သောကျေးရွာများအင်အားစု" United Village s Force (UVF) အနေဖြင့် ကျေးရွာပေါင်း (၈၀) ကျော်ကို စုစည်းခဲ့ကြသည်။ သပြေအေးဆရာတော် (ခ) ဗိုလ်သံမဏိမှာ UVF ၏ ထင်ရှားသောခေါင်းဆောင်တစ်ဦးဖြစ်သည်။

(ခ) UVF အဖွဲ့တွင် မူလက Hero Tiger အဖွဲ့၊ ကပိုင်ရွာမှ ဆရာစံအဖွဲ့၊ ပုလဲနယ်မှ ဗိုလ်နဂါးအဖွဲ့တို့ ပူးပေါင်းပါဝင်ခဲ့ကြသည်။ နောင်တွင် ဗိုလ်သံမဏိနှင့် သဘောထားကွဲလွဲမှုကြောင့် Hero Tiger အဖွဲ့သည် လာပို့ရွာတွင် အခြေပြုလျက် သီးခြားရပ်တည်လာခဲ့သည်။ ပုလဲနယ်မှ ဗိုလ်နဂါးအဖွဲ့သည်လည်း လာပို့ရွာ Hero Tiger အဖွဲ့နှင့် ပူးပေါင်းလှုပ်ရှားခဲ့သည်။

(ဂ) ဗိုလ်သံမဏိသည် ၂၀၂၁ ဇွန်လတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အဆက်အသွယ် စတင်ရရှိခဲ့သည်။ ကာကွယ်ရေးဝန်ကြီး၏ တိုက်တွန်းချက်အရ ယင်းမာပင်ခရိုင်မှ တော်လှန်ရေးအင်အားစုများကို ခရိုင်အခြေပြု PDF တပ်ရင်းများအဖြစ်သို့လည်းကောင်း၊ မြို့နယ်အခြေပြု ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပ.က.ဖ) များအဖြစ်သို့လည်းကောင်း ပြောင်းလဲဖွဲ့စည်းရန် ကြိုးပမ်းပြင်ဆင်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာနထံမှ ကူညီထောက်ပံ့မှုများကိုလည်း စတင်ရရှိခဲ့သည်။

(ဃ) ယင်းမာပင်ခရိုင်အနေဖြင့် PDF တပ်ရင်းဖွဲ့စည်းပုံအချို့ကို စက်တင်ဘာလ တွင်လည်းကောင်း၊ မြို့နယ် ပကဖ ဖွဲ့စည်းပုံအချို့ကို အောက်တိုဘာလ တွင်လည်းကောင်း စာတင်ပေးပို့ခဲ့သည်။ ဝန်ကြီးဌာနအနေဖြင့် ၎င်းဖွဲ့စည်းပုံများကို အတည်ပြုရန် စိစစ်ဆဲအချိန်တွင် ဤအမှုအခင်း ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

## ၃။ စစ်ရေးပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေး ဗဟိုကော်မရှင်ဖွဲ့စည်းမှု

ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၃-၁၂-၂၀၂၁ ရက်နေ့ (၃၆) ကြိမ်မြောက် ဝန်ကြီးဌာနအစည်းအဝေးတွင် အမှုအခင်းများနှင့် တိုင်ကြားချက်များအတွက် စုံစမ်းစစ်ဆေးရေး ဗဟိုကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ပြီး၊ ၇-၁-၂၀၂၂ ရက်နေ့၊ အကြိမ် (၄၀) မြောက်အစည်းအဝေးတွင် ဒု-ဝန်ကြီးဦးဆောင်သော စုံစမ်းစစ်ဆေးရေးဗဟိုကော်မရှင်ကို အတည်ပြု၍ လုပ်ငန်းဖော်ဆောင်ခဲ့ကာ ၄-၃-၂၀၂၂ ရက်နေ့တွင် တရားရေးဝန်ကြီးဌာန၊ ဥပဒေပညာရှင်များဖြင့် တိုးချဲ့ဖွဲ့စည်း လုပ်ငန်းဖော်ဆောင်ခဲ့သည်။

၄။ **လုပ်ငန်းဆောင်ရွက်မှု**

(က) စစ်ရေးပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဇဟိုကော်မရှင် အနေဖြင့် ၅-၁၂-၂၀၂၁ ရက်နေ့တွင် ဗိုလ်သံမဏိ၊ ၆-၁၂-၂၀၂၁ ရက်နေ့တွင် ဗိုလ်နဂါး၊ ၁၇-၁၂-၂၀၂၁ ရက်နေ့တွင် နွေဦးတော်လှန်ရေးဘာသာပေါင်းစုံကွန်ယက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကနဦးစုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

(ခ) တိုင်ကြားစာနှင့် ကနဦးသက်သေအချက်အလက်များ အပေါ်မူတည်၍ စုံစမ်းစစ်ဆေးရေးဇဟိုကော်မရှင်က ဥပဒေပိုင်းရှုထောင့်ဖြင့် အမှုတည်ဆောက်ခဲ့ပြီး ကျူးလွန်သည်ဟု သံသယရှိသူများ၊ နစ်နာသူများ၊ သက်သေများကို ခေါ်ယူမေးမြန်းရန် ဆုံးဖြတ်ခဲ့သည်။

(ဂ) စစ်ရေးပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဇဟိုကော်မရှင်အနေဖြင့် ၆-၁၂-၂၀၂၁ မှ ၉-၃-၂၀၂၂ ယခု အစီရင်ခံကာလအတွင်း နစ်နာသူမိသားစုဝင် (၁၁) ဦး၊ ရပ်ရွာအကြီးအကဲ (၁) ဦး၊ သက်ဆိုင်ရာ ပအဖတာဝန်ရှိသူ (၁)ဦး (လွှတ်တော်ကိုယ်စားလှယ်)၊ စွပ်စွဲခံရသူ (၃)ဦးနှင့် အခြားသက်သေ (၇)ဦး၊ စုစုပေါင်း (၂၃) ဦးကို စစ်ဆေးမေးမြန်းခဲ့သည်။

(ဃ) စွပ်စွဲခံရသူ (၄)ဦး ဖြစ်သည့် ဗိုလ်သံမဏိ၊ တိုက်ကောင်း၊ မောင်ဦးနှင့် ရဲလေး တို့အနက် စုံစမ်းစစ်ဆေးရေးဇဟိုကော်မရှင်က တိုက်ကောင်းကို ၄-၂-၂၀၂၂၊ ၂၅-၃-၂၀၂၂ နှင့် ၄-၄-၂၀၂၂ ရက်နေ့အသီးသီးတွင် စုံစမ်းစစ်ဆေးမေးမြန်းရန် ဆင့်ခေါ်စာထုတ်၍ ဆင့်ခေါ်ခဲ့သော်လည်း လာရောက်ဖြေကြားခြင်းမရှိခဲ့ပါ။

(င) စစ်ရေးပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဇဟိုကော်မရှင်၏ စစ်ဆေးချက်များအရ ယင်းမာပင် လူပျောက်မှုနှင့် ပက်သက်၍ အဓိက တာဝန်ရှိသူများဖြစ်သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့သော ဆရာစံ နှင့် အာပီဂျီ (ခ) အောင်ဇော် တို့အား စစ်ရေးပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေး ဇဟိုကော်မရှင်၏ **အစီရင်ခံစာ တင်ချိန် ၁၈၊ ဧပြီလ၊ ၂၀၂၂** အထိ မြေပြင် တိုက်ပွဲများနှင့် ဆက်သွယ်ရေးပြတ်တောက်မှုများကြောင့် ဆင့်ခေါ်စစ်ဆေးနိုင်ရန် အခက်အခဲရှိခဲ့ပြီး၊ ဆိုင်ရာစစ်ဖက်တရားရုံးများက ဥပဒေနှင့်အညီ စစ်ဆေးအရေးယူနိုင်ရန် အကြံပြုခဲ့ပါသည်။

၅။ **စစ်ဆေးတွေ့ရှိချက်**

(က) မီးသတ်ရဲဘော်များသည် CDM ပြုလုပ်ထားခြင်းမရှိဘဲ လမ်းတလျှောက် ခေတ်ပုံမှတ်တမ်း တင်ထားသည့်အပေါ် တော်လှန်ရေးရဲဘော်များက သကာမကင်းဖြစ်၍ ဖမ်းဆီးခဲ့သည့်ကိစ္စမှ အစပြုပြီး လူ(၁၀)ဦးကို မှားယွင်းစွပ်စွဲ သတ်ဖြတ်ခဲ့သည်ကို တွေ့ရှိရသည်။

( ခ) လာပို့ရှာ Hero Tiger PDF တပ်ဖွဲ့မှ ဗိုလ်ထိုက်မောင်နှင့် ရဲဘော် (၅)ဦးကို ယခင်ရန်ငြိုး ရန်စနှင့် အခြေအတင်ဖြစ်ခဲ့ဖူးသည်ကို အကြောင်းပြု၍ သတ်ဖြတ်ခဲ့သည်ကို တွေ့ရှိရသည်။

( ဂ) ဗိုလ်ထိုက်မောင်နှင့် ရဲဘော် (၅)ဦးမှာ ပြည်သူ့ခုခံစစ်ပွဲကာလအတွင်း၌ ရပ်ရွာအတွင်း တိုက်ပွဲဝင်ခဲ့ဖူးသူများဖြစ်သည်ကို တွေ့ရှိရသည်။

(ဃ) မီးသတ်ရဲဘော် (၂)ဦးအပါအဝင် ပထမပျောက်ဆုံးသူ (၄)ဦးသည် မှားယွင်းစွပ်စွဲ ဖမ်းဆီး ခံရပြီးနောက် အာမခံလိုက်ပါသူ (၆)ဦးနှင့် ဆက်စပ်သည်ဟုဆိုကာ သတ်ဖြတ်ခံခဲ့ရသည် ကိုတွေ့ရှိရသည်။

( င) စုံစမ်းစစ်ဆေးချက်များအရ (၁၀)ဦး သတ်ဖြတ်ခံရသည့်ဖြစ်စဉ်သည် ကပိုင်ရွာ အခြေပြုသော ယင်းမာပင်ဒေသ ကာကွယ်ရေးတပ်ဖွဲ့၊ တပ်ရင်း (၄)၏ တာဝန်ရှိသူအချို့က ကျူးလွန်နိုင်ဖွယ်ရာ ရှိကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိရသည်။

( စ) ဤသတ်ဖြတ်မှုတွင် တပ်ရင်း (၄) တာဝန်ခံ ဆရာစံနှင့်အဖွဲ့မှာ အဓိက တာဝန်ရှိသူများအဖြစ် စစ်ဆေးတွေ့ရှိရသည်။

(ဆ) ကိုအာပီဂျီ (ခ) ကိုအောင်ဇော်သည် အခင်းဖြစ်ပွားချိန် အချုပ်ခန်းတွင် ရှိနေသူဖြစ်သည့် အတွက် ဤသတ်ဖြတ်မှုကို ကောင်းစွာသိရှိသူဖြစ်သည်ဟု စစ်ဆေးတွေ့ရှိရသည်။

( ဇ) တိုက်ကောင်း(ခ) ဗိုလ်ဘုန်းထက်အနေဖြင့် ဤအမှုအခင်းတွင် ၎င်းပါဝင်ပတ်သက်ခဲ့သမျှ ကိုယ်တိုင် စစ်ဆေးမှုခံယူလာရန် ဗိုလ်သံမဏိနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ကျူးလွန်သည်ဟု သံသယရှိသူများ၊ ဖြစ်စဉ်ကိုသိရှိသည့် အဓိကတာဝန်ရှိသူအဖြစ် စစ်ဆေးပေါ်ပေါက်သည့် ကိုအာပီဂျီ (ခ) ကိုအောင်ဇော်၊ အခင်းဖြစ်ပွားရာ နယ်မြေ၏ တာဝန်ခံ ဆရာစံနှင့် အမိန့်ပေးကွပ်ကဲသူများ၊ ကျူးလွန်သူများအား စစ်ဖက်တရားရုံး ဖွဲ့စည်းကာ ဆက်လက် စစ်မေးဖော်ထုတ်ရန် လိုအပ်နေသည်ကိုတွေ့ရှိရသည်။

( ဈ) ဒေသခံတပ်ဖွဲ့များအကြား နယ်မြေစိုးမိုးမှု၊ လက်နက်ခွဲဝေမှု၊ အမျိုးသားညီညွတ်ရေးအစိုးရ နှင့်ချိတ်ဆက်မှု စသည့် အားပြိုင်မှုများရှိနေပြီး ယခုဖြစ်စဉ်သည် အဆိုပါ အားပြိုင်မှုများ၏ မလိုလားအပ်သော အကျိုးဆက်များဖြစ်သည်ဟု သုံးသပ်တွေ့ရှိရသည်။

(ည) ကာကွယ်ရေးတပ်ဖွဲ့များအကြား အမိန့်ပေးကွပ်ကဲမှု (Chain of Command) ကောင်းစွာ တည်ဆောက်ရန် လိုအပ်နေသည်ကို တွေ့ရှိရသည်။

(ဋ) ဒေသခံပြည်သူများအနေဖြင့် တော်လှန်ရေးတပ်ဖွဲ့များအပေါ် နားလည်မှုလွဲမှားနိုင်ပြီး၊ တော်လှန်ရေးတပ်ဖွဲ့များနှင့် ပတ်သက်၍ လုံခြုံမှု မရှိဟု ခံစားနေရသော အခြေအနေများ ရှိသည်ကို တွေ့ရှိရသည်။

## ၆။ **အရေးယူဆောင်ရွက်မှု**

(က) ကာကွယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြစ်မှုကျူးလွန်သူများကို PDF ဖြစ်စေ၊ ပကဖ ဖြစ်စေ အသိအမှတ် ပြုမည်မဟုတ်။

(ခ) ပြစ်မှုကျူးလွန်သောသူများ ကိုင်ဆောင်သည့် လက်နက်များကို ခရိုင်ကွပ်ကဲရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဖြုတ်သိမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

(ဂ) ပြစ်မှုကျူးလွန်ရာတွင် မပါဝင်သော ကျေးရွာကာကွယ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များကို သင့်လျော်သော တာဝန်များ ပေးအပ်နိုင်ရန် စိစစ်လျက်ရှိသည်။

(ဃ) အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်သူ့လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ၏ ညွှန်ကြားချက် အရ ၎င်းပြစ်မှုကျူးလွန်သူများကို ရုံးတင်စစ်ဆေးရန် အကျဉ်းစစ်တရားရုံးကို အမြန်ဆုံး ဖွဲ့စည်းသွားမည်။

(င) မှားယွင်းသတ်ဖြတ်ခံရသော Hero Tiger အဖွဲ့ဝင်များကို PDF ရဲဘော်များအဖြစ် တရားဝင် အသိအမှတ်ပြုသွားမည်။

(စ) ကျန်ရစ်သူမိသားစုဝင်များအား အမျိုးသားညီညွတ်ရေးအစိုးရ အနေဖြင့် ထောက်ပံ့ကူညီမှုများ ပြုလုပ်သွားမည်။

ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ